the voice of spring
10.6.2021 · Thursday · No . 64 · Daily News Pamphlet

## အရေးပေါ်အခြေအနေ၌ အသုံးပြုနိုင်မည့် ရေသန့်စင်သို လှောင်နည်းစနစ်များကို NUG ပညာရေးဌာနပို့ချရန်စီစဉ်

သတင်းတို

ရင်းမြစ် – NUG မှ

## စစ်အာဏာရှင်ဆန့်ကျင်ရေးကို ကချင်တိုင်းရင်းသားများ ဆက်ပြီးပါဝင်ရန် NUG ဒုသမ္မတဒူဝါလရှီးလ တိုက်တွန်း

သတင်းတို

ရင်းမြစ် – RFA မှ

## လျှပ်စစ်မီတာခကောက်ခံနေမှုကို(လုံး၀)ရပ်ဆိုင်းရန်နှင့် မလိုက်နာသောသူများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာဖောက်ဖျက်မှု၊ အများပြည်သူအကျိုးစီးပွားစောင့်ရှောက်ရေးဥပဒေတို့နှင့် အရေးယူမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများကိုလည်း အမည်ပျက်စာရင်းသွင်းမည်ဟု NUG လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးထုတ်ပြန်

သတင်းတို

ရင်းမြစ် – NUG မှ

## မိုးထဲလေထဲ၌ပင် နေ့စဉ်ပြောက်ကျားသပိတ်စစ်ကြောင်းများကို အရှိန်မပြတ် နေရာအနှံ့ ပြုလုပ်ခဲ့ကြ








ဇွန်လ(၉)ရက်၊ မန္တလေးမြို့၌ မိုးထဲလေထဲတွင်ပြုလုပ်ခဲ့ကြသည့် မြတောင်၊ အမရပူရ၊ ရတနာပုံတကသ သပိတ်စစ်ကြောင်းများကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

## အစာအဆိပ်ခတ်ရန်နှင့် ဗုံးခွဲရန် ညွှန်ကြားသည့် NUG ပညာရေးဝန်ကြီး ဒေါက်တာဇော်ဝေစိုး၏ ရုပ်သံအတုကို စစ်အုပ်စုက ဖန်တီး၍ ဂုဏ်သိက္ခာကင်းမဲ့စွာဝါဒဖြန့်ချိခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## ကယားပြည်နယ်အပါအဝင် အခြားပြည်နယ်များရှိ စစ်ဘေးရှောင် ဒုက္ခသည်စခန်းများဆီ သွားရောက်ကူညီခွင့်ပေးရန် ကုလသမဂ္ဂအဖွဲ့က စစ်အုပ်စုထံ တောင်းဆိုခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

## AA ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ ညီ၊ ညီမ အပါအဝင် တရားစွဲခံထားရသူ (၁၀)ဦးကို စစ်အုပ်စုက ပြန်လွှတ်ပေးခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## စစ်အုပ်စုတပ်သား(၄၀၀)ခန့်က ရှမ်းပြည်နယ်၊ ဆီဘူး ကျေးရွာသို့ဖြတ်၍ ဒီးမော့ဆိုသို့အင်အားဖြည့်ဝင်ရောက်

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## တနိုင်ငံလုံး၌ စစ်ဘေးဒုက္ခသည်နှစ်သိန်းကျော်လာပြီး မင်းတပ်ရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ဆေးဝါးနှင့် စားနပ်ရိက္ခာအရေးပေါ်လိုအပ်လျက်ရှိ

သတင်းတို

ရင်းမြစ် – RFA မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့်ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၉)ရက်အထိ

ကျဆုံးသူဦးရေ - ၈၅၈ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၉၄၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၃၆ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
10.6.2021 · Thursday · No . 64 · Daily News Pamphlet

# သတင်းမှတ်စု

ဇွန်လ(၉)ရက်၊ ၂၀၂၁

- စစ်အုပ်စုက ဝါဒဖြန့် လုပ်ဆောင်မှုများတွင် ဗိုလ်ချုပ်ရုပ်ရှင်အား အသုံးမပြုရန် အတွက် အင်းစိန်ထောင်၌ ဖမ်းဆီးခံထားရသူ ရုပ်ရှင်သရုပ်ဆောင် လူမင်းက ပြောဆိုခဲ့ဟု သူနှင့်တွေ့ဆုံခဲ့သူ ဂျပန်သတင်းထောက် ဘူကီကီတဇုမိက မီဒီယာများသို့ အသိပေး။
- မကွေးတိုင်း၊ ကံမမြို့နယ် တိုင်းလွှတ်တော်အမတ် ဦးဇော်ဝင်းနှင့် ဒေသခံ ငါးဦးကို ဇွန်လ(၈)ရက်၌ စစ်အုပ်စုက လက်နက်ကိုင်လှုပ်ရှားမှုတွင်ပါဝင်သည်ဟုဆိုကာ မတရားစွပ်စွဲဖမ်းဆီးခဲ့ဟုသိရ။
- မန္တလေး၊ ပုသိမ်ကြီး ရန်ကင်းတောင်အနီး၌ ဇွန်(၈)ရက်၊ နေ့လယ်ပိုင်းက ကားနှင့်တိုက်၍ သေနတ်နှင့် ပစ်ခတ်ခံရသူ နှစ်ဦးအနက် (၁)ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရသူတဦးလည်း နံနက်ပိုင်းတွင် သေဆုံးခဲ့ဟုသိရ။
- မိုးကုတ်မြို့၊ ချမ်းမြေ့သာယာရပ်ကွက် ဘုန်းကြီးကျောင်း၌ နံနက်ပိုင်းက ဒေသခံများစုပေါင်းကာ ရွာလူကြီးခန့်အပ်ရန် အစည်းအဝေးပြုလုပ်စဉ် ဒလန်သတင်းပေးကြောင့် စစ်အုပ်စု ရောက်ရှိလာကာ ဒေသခံတဦးအား သေနတ်နှင့် ပစ်ခတ်ပြီး အစည်းအဝေးတက်ရောက်သူအားလုံးကိုပါ ဖမ်းဆီးခဲ့။
- မြင်းခြံဘူတာ၌ စစ်အုပ်စုက တပ်စွဲထားသဖြင့် ဘူတာဈေးဆိုင်ခန်း (၁၀၀) ကျော်ရှိသည့်အနက် တဝက်ကျော်ခန့်မှာ ဆိုင်မဖွင့်ဘဲ ပိတ်ထားခဲ့ရာ ဇွန်(၃၀)ရက် နောက်ဆုံးထား၍ ဆိုင်ခန်းခ(၃)လစာပေးဆောင်ရမည်ဟု ဘူတာရုံပိုင် ဦးသန်းဌေးဝင်းက ဖိအားပေး တောင်းဆိုခဲ့ဟုသိရ။





- မတ္တရာမြို့နယ်၊ တောင်ကုန်းအုပ်စု၊ ကင်းကျေးရွာ၌ နံနက်(၁)နာရီခန့်က စစ်အုပ်စုက ကား(၄)စီးဖြင့် ဝင်ရောက်ပြီး ကျေးရွာတွင်းရှိ ငွေကြေး ပြည့်စုံသည့် ဈေးဆိုင်၊ ဆန်စက်လုပ်ငန်းရှင်အိမ်များအား အဓမ္မ စီးနင်းကာ ငွေနှင့် တန်ဖိုးရှိပစ္စည်းများ လုယက်ခြင်း၊ အိမ်စီးကားနှစ်စီးအား သိမ်းဆည်းခြင်းတို့အပြင် ရွှေကင်းပရဟိတ အသင်းပိုင် လူနာတင် ယာဉ်တစီးနှင့် ဒေသခံ သုံးဦးကိုလည်း လုယက်ဖမ်းဆီးသွားခဲ့ဟုသိရ။
- စမ်းချောင်းမြို့နယ်၊ သံတံတားလမ်းထိပ်ရှိ ခေတ်ဆန်သူ လက်ဖက်ရည်ဆိုင်၌ နေ့လယ်(၁:၁၅)က ပေါက်ကွဲမှု ဖြစ်ပွားရာ လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ဟုသိရ။
- သဃ်န်းကျွန်း၊ လေးထောင့်ကန်လမ်းမကြီးပေါ်ရှိ BOC မှတ်တိုင်အနီး၊ 1717 ကားအရောင်းပြခန်းအနီး၌ နေ့လယ်(၁:၂၀)က ပေါက်ကွဲမှုဖြစ်ပွားခဲ့ဟုသိရ။
- ပဲခူး၊ ကညွတ်ကွင်းမြို့၊ ဂုံးတဲရွာအဝင် ဖိုးလောင်းတံတား၌ ဇွန်(၈)ရက်၊ ည(၁၀:၂၃)က ရထားလမ်း မိုင်းခွဲခဲ့ဟုသိရ။
- စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဓမ္မာရုံလမ်း၌ ဇွန်(၈)ရက်၊ ညနေပိုင်းက လူငယ်တဦးကို လက်နက်ရှိသည် ဟုဆိုကာ စစ်အုပ်စုက ဝင်ရောက် စစ်ဆေးပြီး လေးခွတလက်နှင့် ဘော့စ်ဘောရိုက် တုတ်တချောင်း နှင့်အတူ ဖမ်းဆီးသွားခဲ့ဟုသိရ။
- မင်္ဂလာဒုံမြို့နယ်ရှိ ဒဂုံတက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဌ ကိုမင်းဟန်ထက်၏ နေအိမ်ကို စစ်အုပ်စုက အင်အား(၈၀)ခန့်ဖြင့် ဇွန်(၈)ရက်၊ ညပိုင်းက ဝင်ရောက်စီးနင်းခဲ့ရာ လူကိုမဖမ်းဆီးနိုင်ခဲ့သည့်အတွက် နေအိမ်ရှိ ပရိဘောဂများကို ဖျက်ဆီးခဲ့ဟုသိရ။
- မန္တလေး၊ တပ်ပေါင်းစု၊ မြတောင်၊ ရတနာပုံ တက္ကသ၊ အမရပူရ၊ အောင်ပင်လယ်၊ စက်မှု၊ သံဃသမဂ္ဂ။ ပုလိပ်။ မြင်းခြံ။ ပြည်။ ညောင်ဦး။ မုံရွာ။ ဘုတလင်၊ ကျေးရွာပေါင်းစုံ။ ကန့်ဘလူ၊ ထန်းကုန်းရွာ။ ဖောင်းပြင်၊ မောက်စဖာရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ မြိုင်။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း၊ သရက်နှစ်ခွ၊ ဥတ္တူကျေးရွာ။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ်ကျေးရွာများ။ ဖားကန့်မြို့၊ နမ္မတီး၊ တာမခန်၊ အေးမြသာယာ။ မိုးကောင်း။ မွန်၊ ပေါင်။ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသောသပိတ်စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – မဇ္ဈိမ

## နောက်ဆုံး တိုက်ပွဲ

ဒီမိုကရေစီနဲ့
အချုပ်အခြာအာဏာ
ဤမြေမှာ တည်စေရမယ်။

အကြွင်းမဲ့အာဏာ
ပြောင်းဝမှာ တည်စေဖို့
ဒီမိုကရေစီဘောင်ကျဉ်းပြီး
စစ်ဘောင်ချဲ့နေသမျှ
ငါတို့ဘဝတွေ
ခဏခဏ သေဆုံးနေရလိမ့်မယ်။

ဒေါင်းအလံစိုက်ရဲ့ထူ
မောင်းပြန်တိုက်ပွဲမြူလို့
ဒီတော်လှန်စစ်နဲ့အတူ
သူသေ–သူသေ ဖြစ်ရမယ်။

လက်ရုံးညီ

## The Voice Of Spring Cartoon




fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**





ဇွန်လ(၉)ရက်၊ ဖားကန့်မြို့၊ ပင်မသပိတ်စစ်ကြောင်းနှင့် တာမခန်သပိတ်စစ်ကြောင်းကို တွေ့ရစဉ်(ဓါတ်ပုံ–CJ)

## နွေဦးစကား ဒို့ပြောကြား

"အမှောင်ခေတ် ပြန်မရောက်ဖို့ ငါတို့ ရဲရဲတောက် လင်းပြမှ ရမယ်"